# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့။

ကရင်နီပြည်နယ်၊ ဘောလခဲမြို့နှင့် မက်စလောင်းတောင်အကြား ယနေ့မနက်၊ (၇း၅၀) နာရီခန့်၌ ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တပ်တို့မှ ခုခံတိုက်ခိုက်ခဲ့ပါသည်။ နှစ်ဖက်ထိတွေ့တိုက်ပွဲ (၁၀) မိနစ်ခန့်ဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ (၃) ဦးကျဆုံးခဲ့ပြီး၊ (၂) ဦးဒဏ်ရာပြင်းထန်ကာ အခြားထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် တိုက်ပွဲဖြစ်ပွားရာ ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာ အနီးတဝိုက်တွင် နယ်မြေစိုးမိုးနိုင်ရန်အတွက် ဒရုန်းဖြင့်ကင်းထောက်မှုများ၊ လမ်းကင်းချမှုများနှင့် စစ်ကြောင်းထိုးမှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိသည်။ ဘောလခဲမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အကြမ်းဖက်စစ်ကောင်စီမှ အရပ်သားပြည်သူများကို ဖမ်းဆီးမှုများရှိခဲ့ပြီး ယခုအချိန်အထိပြန်လည်လွှတ်ပေးခြင်းမရှိသေးပေ။

ဖယ်ခုံမြို့နယ်၊ ပင်ပုံ၊ လယ်ပှဲ့နှင့် ရွှေပြည်အေးတို့တွင် အကြမ်းဖက်စစ်ကောင်စီတပ်များ တပ်စွဲထားလျက်ရှိပြီး တာဝါတိုင်လုံခြုံရေးအကြောင်းပြု၍ ယနေ့မနက်ပိုင်းတွင် အနီးတဝိုက်ရှိ ရွာများဘက်သို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်မှုများပြုလုပ်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များ၏ စစ်ကြောင်းချီရာလမ်းကြောင်းတစ်လျှောက်တွင်ရှိသော ကျေးရွာများမှ ပြည်သူများကိုဖမ်းဆီးလျက်ရှိပြီး ညင်းပမ်းနှိပ်စက်ခြင်း၊ ဓါးစာခံ၊ လူသားဒိုင်အဖြစ် အသုံးပြုခြင်းနှင့် ချိန်းခြောက်ခြင်းများပြုလုပ်သည့်အပြင် နေအိမ်များကို ဖောက်ထွင်းဖျက်စီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို အဓမ္မသိမ်းပိုက်ခြင်းစသော စစ်ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးအဖွဲ့